

# သူတို့၏လိုအပ်ချက်များအားအကြံပြုပါ

*သင်တစ်ဦးတည်းဒီအရာကိုလုပ်ရန်မလိုပါ။ အကြံပြုခြင်းကအခြားသူများအားကူညီရန် သင်လိုအပ်သောအကူအညီကိုပေးနိုင်ပါတယ်။*

သူတို့ရဲ့လိုအပ်ချက်များအရ သင်၏အသင်းတော်စု သို့မဟုတ် အသင်းတော်ခွဲတွင် တစ်ဦးချင်း သို့မဟုတ် မိသားစုအားအမှုတော်ဆောင်ရန် သင့်အား ဘုရားသခင်က ဖိတ်ခေါ်ခဲ့ပါတယ်။ ထိုလိုအပ်ချက်များက ဘယ်အရာဖြစ်သည်ကို သင်ဘယ်လိုရှာဖွေမလဲ။ အသင်းတော်တွင်အလေးထားသော အကြံပြုခြင်း၏ အခြေခံမူသည် သော့ချက်ဖြစ်တယ်။

အကြံပြုခြင်းနှင့်ပတ်သက်၍မည်သည်ကိုထည့်သွင်း စဉ်းစားမည်ကိုဆွေးနွေးပြီးနောက် ကျွန်တော်တို့ စူးစမ်းရှာဖွေပါမယ်။

၁။ ကောင်းကင်ဘုံရှင်အဖနှင့်အတူအကြံပြုခြင်း
၂။ တာဝန်ပေးအပ်ထားသောတစ်ဦးချင်းစီနှင့် မိသားစုနှင့်အတူအကြံပြုခြင်း
၃။ ကျွန်တော်တို့ရဲ့အတွဲဖော်နှင့်အတူအကြံပြုခြင်း
၄။ ထို့နောက် တူညီသောတစ်ဦးချင်းစီနှင့် မိသားစုအား တာဝန်ပေးအပ်ထားသောအခြားသူများနှင့်အတူ အကြံပြုခြင်း

ကျွန်တော်တို့ရဲ့ခေါင်းဆောင်များနှင့်အတူ အကြံပြုခြင်းသည်လည်းမရှိမဖြစ်လိုအပ်ပါတယ်။ လီရာဟိုနာရှိ နောင်လာမည့်အမှုတော်ဆောင်ရွက်ခြင်း အခြေခံမူများဆောင်းပါးက ခေါင်းဆောင်များနှင့်အတူ အကြံပြုခြင်းနှင့် ထိုလုပ်ငန်းစဉ်တွင် အမှုတော် ဆောင်ရွက်ခြင်းကဏ္ဍ လူတွေ့မေးမြန်းခြင်းကို စူးစမ်းလေ့လာပါလိမ့်မယ်။

## ကျွန်တော်တို့အကြံပြုသည့်အကြောင်းအရာ

လိုအပ်ချက်များအားနားလည်သဘောပေါက်ခြင်းက အချင်းချင်းအား အမှုတော်ဆောင်ရွက်ခြင်းအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ သို့သော် ထိုလိုအပ်ချက်များက မည့်သည့်ပုံစံဖြည့်ယူနိုင်ပါသလဲနှင့် ကျွန်တော်တို့ရှာဖွေသင့်တဲ့ လိုအပ်ချက်များထက်ပိုသော အရာများရှိပါသေးသလား။

လိုအပ်ချက်များကပုံစံများစွာဖြင့်လာနိုင်ပါတယ်။ ကျွန်တော်တို့အစေခံသောသူများသည် စိတ်ခံစားချက်၊ ငွေရေးကြေးရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ ပညာရေးနှင့်

အခြားသောစိန်ခေါ်မှုများကို ရင်ဆိုင်ကောင်း ရင်ဆိုင်နေရပါတယ်။ အချို့လိုအပ်ချက်များက အခြားလိုအပ်ချက်များထက် ဦးစားပေးမှုပို၍မြင့်မားပါတယ်။ အကူအညီရယူဖို့လိုအပ်ကောင်းလိုအပ်ပါမယ်။ ယာယီလိုအပ်ချက်များအားဖြည့်ဆည်းရန်ကူညီဖို့ ကျွန်တော်တို့ရဲ့အားထုတ်မှုများမှာ အမှုတော်ဆောင်ရန် ကျွန်တော်တို့ရဲ့တာဝန်မှာ ပဋိညာဉ်လမ်းကြောင်းအတိုင်း တိုးတက်ရန် အခြားသူများအားကူညီခြင်း၊ ချီးမြှောက်ခြင်းအတွက်မရှိမဖြစ်လိုအပ်သော ယဇ်ပုရောဟိတ် ဘိသိပ်မင်္ဂလာများအတွက် ပြင်ဆင်ခြင်းနှင့် လက်ခံရယူခြင်းပါဝင်သည်ကို မမေ့ပါနှင့်။

တစ်ဦးချင်း သို့မဟုတ် မိသားစု၏လိုအပ်ချက်များ အကြောင်းအကြံပြုခြင်းအပြင် သူတို့၏ အားသာချက်များကိုသင်ယူရန် ကျွန်တော်တို့ ရှာဖွေသင့်ပါတယ်။ သူတို့မည်သည့်အရာကို အကူအညီ မလိုပါသလဲ။ အခြားသူများအား ကောင်းကြီးပေးနိုင်သည့် မည်သည့်ဆုကျေးဇူးများနှင့် စွမ်းရည်များ သူတို့တွင် ရှိပါသလဲ။ ဘုရားသခင်၏နိုင်ငံတော် တည်ထောင်ရန် ကူညီဖို့ သူတို့ပြိုင်ဘက်ကင်းစွာ ဘယ်လို သင့်တော်ပါသလဲ။ တစ်ဦးချင်းစီ၏ အားသာချက်များကို သူ သို့မဟုတ် သူမရဲ့လိုအပ်ချက်များကဲ့သို့ နားလည် သဘောပေါက်ရန် အရေးကြီးနိုင်ပါတယ်။

## ကောင်းကင်ဘုံရှင်အဖနှင့်အတူအကြံပြုခြင်း

ကျွန်တော်တို့ယုံကြည်ခြင်းရဲ့အချက်အချာကျသော ပို့ချချက်များထဲမှတစ်ခုကတော့ ကောင်းကင်ဘုံရှင်အဖက သူ့၏သားသမီးများအားစကားပြောတယ် ဆိုတာဖြစ်တယ်။ (ယုံကြည်ခံယူချက်များ ၁း၉ ကိုကြည့်ပါ) တစ်စုံတစ်ဦးအားအမှုတော်ဆောင်ရန် တာဝန်အသစ်ကို ကျွန်တော်တို့လက်ခံရတဲ့အခါ သူတို့ရဲ့လိုအပ်ချက်များနှင့် အားသာချက်များ၌နားလည်သဘောပေါက်ခြင်းနှင့် ထိုးထွင်းသိမြင်မှုကို ရှာဖွေကာ ဆုတောင်းခြင်း၌ ကောင်းကင်ဘုံရှင်အဖနှင့်အတူသင်အကြံပြုသင့်ပါတယ်။ ဆုတောင်းခြင်းအားဖြင့်အကြံပြုခြင်း၏ထိုလုပ်ငန်းစဉ်အား ကျွန်တော်တို့ရဲ့အမှုတော်ဆောင်ခြင်း တာဝန် တစ်လျှောက်လုံးမှာ ဆက်လက်လုပ်ဆောင်သင့်ပါတယ်။

## တစ်ဦးချင်းစီနှင့် မိသားစုများနှင့်အတူအကြံပြုခြင်း

ကျွန်တော်တို့အစေခံရန်တာဝန်ပေးအပ်ထားသော မိသားစုများနှင့် တစ်ဦးချင်းစီအားမည်သို့နှင့် မည်သည့်အချိန် ချဉ်းကပ်ခြင်းသည် အခြေအနေများအပေါ်မူတည်ကာ ပြောင်းလဲနိုင်ပါတယ်။ သို့သော် တစ်ဦးချင်းစီ သို့မဟုတ် မိသားစုနှင့်အတူတိုက်ရိုက်အကြံပြုခြင်းက ဆက်ဆံမှုများ တည်ဆောက်ခြင်းနှင့် သူတို့ဘယ်လိုအကူအညီရချင်လဲ အပါအဝင် သူတို့၏လိုအပ်ချက်များအား နားလည် သဘောပေါက်ခြင်းအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ လေးနက်သောဆက်ဆံမှုတစ်ခုတိုးတက်မှုမရှိခင် အချို့သော မေးခွန်းများကိုမေးရန်စောင့်ဆိုင်းဖို့ လိုကောင်းလိုပါမယ်။ မှန်ကန်သောနည်းလမ်း တစ်ခုတည်းသာရှိခြင်း မဟုတ်တဲ့အတွက် အောက်ပါအချက်များကို စဉ်းစားဆင်ခြင်ပါ။

- ဘယ်အချိန်နှင့် ဘယ်လိုဆက်သွယ်တာမျိုး သူတို့ပိုနှစ်သက်လဲဆိုတာကို ရှာဖွေပါ။
- သူတို့ရဲ့စိတ်ဝင်စားမှုများနှင့် နောက်ကြောင်းရာဇဝင်များအကြောင်းသင်ယူပါ။
- သင်ဘယ်လိုကူညီနိုင်သလဲဆိုတာကို အကြံပြုချက်များနှင့်အတူလာပြီး သူတို့ရဲ့အကြံပြုချက်များကိုမေးပါ။

ကျွန်တော်တို့ယုံကြည်ခြင်းကိုတည်ဆောက်တဲ့အခါ တစ်ဦးချင်းစီ သို့မဟုတ် မိသားစု၏လိုအပ်ချက်များ ဆွေးနွေးခြင်းကိုစဉ်းစားဆင်ခြင်ပါ။ သန့်ရှင်းသောဝိညာဉ်တော်၏လှုံ့ဆော်မှုအရ မေးခွန်းများကိုမေးပါ။[၁] ဥပမာ-

- သူတို့ရင်ဆိုင်နေရတဲ့စိန်ခေါ်မှုများဟာဘာလဲ။
- သူတို့ရဲ့မိသားစု သို့မဟုတ် တစ်ဦးချင်းစီရဲ့ ပန်းတိုင်များဟာဘာလဲ။ ဥပမာ၊ မိသားစုဝတ်ပုံမှန်စည်း

ဝေးခြင်းအားပိုမိုကောင်းမွန်စေရန်သူတို့အလိုရှိသလား။ သို့မဟုတ် ပို၍ကိုယ့်အားကိုယ်ကိုးသူဖြစ်ချင်သလား။

. သူတို့ရဲ့ပန်းတိုင်များနှင့်စိန်ခေါ်မှုများအား ကျွန်တော်တို့ဘယ်လိုကူညီနိုင်မလဲ။

. သူတို့ရဲ့ဘဝများမှာ မည်သည့်ဇဝ်ဂေလိဘိသိတ်မင်္ဂလာများလာပါမည်နည်း။ သူတို့ပြင်ဆင်ရန်ကျွန်တော်တို့ဘယ်လိုကူညီပေးနိုင်ပါသလဲ။

"ဒီအပတ်အတွင်း ဘယ်ညလောက်မှာကျွန်တော်တို့ စားစရာယူလာနိုင်မလဲ"စတဲ့ တိကျတဲ့အကူအညီကို ပေးကမ်းဖို့သတိရပါ။ "ကျွန်တော်တို့လုပ်ပေးနိုင်တာများရှိရင်ကျွန်တော်တို့ကို ပေးသိပါ"ကဲ့သို့သောမရေရာ မတိကျတဲ့ပေးကမ်းမှုမျိုးက အလွန်အကူအညီမရောက်ပါဘူး။

## ကျွန်တော်တို့ရဲ့အတွဲဖော်နှင့်အတူအကြံပြုခြင်း

တစ်ဦးချင်းစီ သို့မဟုတ် မိသားစုနှင့်အတူ သင်အပြန်အလှန်ရိုင်းပင်းကူညီနေချိန်မှာ သင်နှင့်အတူသင့်ရဲ့ အတွဲဖော်ကအမြဲတမ်းရှိနေမှာမဟုတ်တဲ့အတွက် အတွဲဖော်အဖြစ်လုံ့ဆော်မှုကိုရှာဖွေတဲ့အခါ အတူအကွ အကြံပြုပြီးပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါတယ်။ အောက်ပါမေးခွန်းများက စဉ်းစားဆင်ခြင်ရန်အတွက် ဖြစ်ပါတယ်။

. အတွဲဖော်အဖြစ် သင်တို့အချင်းချင်း ဘယ်လိုနှင့် ဘယ်လောက်ကြာကြာတစ်ခါ ဆက်သွယ်ကြမလဲ။

. မိသားစု သို့မဟုတ် တစ်ဦးချင်း၏လိုအပ်ချက်များအား အမှုတော်ဆောင်ရန် သင့်တို့ရဲ့ကိုယ်ပိုင်အားသာချက်များကို သင်တို့တစ်ဦးချင်းစီဘယ်လိုအသုံးပြုနိုင်သလဲ။

. တစ်ဦးချင်းစီ သို့မဟုတ် မိသားစုအကြောင်းသင်ပြောခဲ့တဲ့ နောက်ဆုံးအကြိမ်ကတည်းက သင်ဘယ်အရာတွေကို သင်ယူရခဲ့သလဲ၊ သင်ဘာအတွေ့အကြုံတွေရရှိခဲ့သလဲ၊ နှင့် မည်သည့်လှုံ့ဆော်မှုများသင်ရရှိခဲ့ပါသလဲ။

## တာဝန်ပေးအပ်ထားသောအခြားသူများနှင့်အတူအကြံပြုခြင်း

သင်အမှုတော်ဆောင်ရွက်နေသော တူညီသောမိသားစု သို့မဟုတ် တစ်ဦးချင်းစီအားအမှုတော်ဆောင်ရန် တာဝန်ပေးအပ်ထားသောအခြားသူများနှင့် ရံဖန်ရံခါ စကားပြောရန်ကောင်းပါသည်။

## စိန်ခေါ်မှုများအားဖြေရှင်းရန် ဆက်သွယ်ပြောဆိုပါ

ခုနှစ်ကျိပ်အဖွဲ့ဝင် အယ်လ်ဒါချီဟောင်(ဆမ်)ဝေါင်က ယေရှုရှေ့တော်မှာ လက်ခြေသေသောသူကို ဘယ်လိုပြသရမလဲဆိုတာကို အဖြေရှာဖို့ လူလေးယောက်တို့အား အတူတကွအကြံပြုခြင်းက တကယ်ဖြစ်လာအောင် ဘယ်လိုလုပ်ပေးခဲ့သလဲဆိုတာကို သရုပ်ဖော်ရန် ကျွန်တော်တို့ခေတ်မှာ မာကု ၂ မှ အဖြစ်အပျက်တစ်ခုကို အသုံးပြုခဲ့ပါတယ်။

"ဒီလိုဖြစ်ကောင်းဖြစ်နိုင်တယ်။'"လို့ အယ်ဒါဝေါင်က ပြောခဲ့ပါတယ်။ "လူလေးယောက်ဟာ လက်ခြေသေသော သူ၏အိမ်ကိုသွားလည်ဖို့ သူတို့ရဲ့သင်းအုပ်မှပေးသော တာဝန်ကိုကျေပွန်အောင် ဆောင်ရွက်နေခဲ့ကြတယ်။ … လတ်တလောကကျင်းပတဲ့ အသင်းတော်စုကောင်စီမှာ အသင်းတော်စု၌ လိုအပ်ချက်များအကြောင်း အတူတကွ အကြံပြုပြီးနောက် သင်းအုပ်က'ကယ်ဆယ်ရေး' တာဝန်များကိုပေးအပ်ခဲ့တယ်။ ဒီလူကိုကူညီဖို့ ဒီလေးယောက်ကိုတာဝန်ပေးခဲ့တယ် …

"[ယေရှုရှိသောအဆောက်အဦးဆီသူတို့ရောက်ရှိတဲ့အခါ] အခန်းမှာ လူတွေအလွန်ပြည့်ကျပ်နေခဲ့ပါတယ်။ တံခါးကတဆင့်သူတို့ဝင်လို့မရခဲ့ပါဘူး။ သူတို့စဉ်းစားလို့ ရနိုင်သမျှအားလုံးသူတို့ကြိုးစားခဲ့တယ်ဆိုတာ သေချာပါတယ်။ ဒါပေမယ့်သူတို့ရိုးရိုးနဲ့ဝင်လို့မရနိုင်ခဲ့ဘူး။ … ယေရှုခရစ်တော်ကုသပေးဖို့အတွက် လူကိုသူတို့ဘယ်လို ခေါ်ဆောင်လာနိုင်မလဲ— နောက်ထပ်ဘာလုပ်ရမလဲဆိုတာကို သူတို့အတူအကွအကြံပြုခဲ့ကြတယ်။ … သူတို့အစီအစဉ် တစ်ခုရလာခဲ့တယ်—လွယ်ကူတဲ့အရာတော့မဟုတ်ပေမယ့် သူတို့လုပ်ဆောင်ခဲ့ကြတယ်။

"… ကိုယ်တော်ရှိရာအပေါ်မှာအမိုးကိုဖောက်ထွင်းပြီးမှ လူနာနှင့်တကွ အိပ်ရာခုတင်ကိုလျှော့ချကြ၏' (မာကု ၂း၄)။ …

"…'ယေရှုသည်ထိုသူတို့၏ယုံကြည်ခြင်းကိုမြင်လျှင်၊ လက်ခြေသေသောသူအား၊ **ငါ့သား၊** သင်၏အပြစ်ကို လွှတ်စေပြီဟု မိန့်တော်မူ၏။' (မာကု ၂း၅)"[၂]

## လုပ်ဆောင်ရန်ဖိတ်ခေါ် ခြင်း

တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင် အယ်လ်ဒါဒီရက်တာ အက်ဖ် ဥခ်ဒေါ့က "အတူတကွအကြံပြုပါ၊ ရရှိနိုင်သော အချက်အလက်များအားလုံးကိုအသုံးပြုပါ၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လှုံ့ဆော်မှုကိုရှာဖွေပါ၊ ဘုရားသခင်အား သူ၏အတည်ပြုချက်အတွက်မေးမြန်းပါ၊ ထို့နောက် ပြင်ဆင်ပြီး အလုပ်သွားလုပ်ပါ။" ဟု တိုက်တွန်းခဲ့ပါတယ်။

"ကျွန်တော်သင်တို့ကိုဂတိတစ်ခုပေးပါတယ်။ ဒီပုံစံအတိုင်းသင်လိုက်လျှောက်မယ်ဆို ဘုရားသခင်ရဲ့နည်းလမ်းမှာ ကူညီထောက်မဖို့ဘယ်သူ၊ ဘယ်အရာ၊ ဘယ်အချိန်နှင့် ဘယ်နေရာစတဲ့ တိကျသောလမ်းပြမှုကိုသင်ရရှိပါလိမ့်မယ်။"

"အမှုတော်ဆောင်ရွက်ခြင်းအခြေခံသဘောတရားများ" ဆောင်းပါးများသည် အချင်းချင်းစောင့်ရှောက်ရန်အတွက် သင်ယူဖို့ကျွန်တော်တို့ကိုကူညီရန် ရည်ရွယ်ပါသည်။— အမှုတော်ဆောင်ရွက်ခြင်းလည်ပတ်မှုများအတွင်း သတင်းကောင်းများအဖြစ်**ဝေမျှ**ရန်မဟုတ်ပါ။ ကျွန်တော်တို့အစေခံသောသူများအားသိကျွမ်းလာတဲ့အခါ ကျွန်တော်တို့ရဲ့စောင့်ရှောက်မှုနှင့် သနားခြင်းဂရုဏာအပြင် သူတို့လိုအပ်နိုင်မည့်သတင်းကောင်းကိုသိရှိရန် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်တော်တို့ကို လှုံ့ဆော်ပါလိမ့်မယ်။

## အကြံပြုခြင်း၏အစွမ်းတန်ခိုး

"တစ်စုံတစ်ခုကိုသင်တိုးတက်ချင်လျှင် ၎င်းအကြောင်းကို သင်အကြံပြုရပါမယ်။"လို့ တမန်တော်ဆယ့်နှစ်ပါးအဖွဲ့၏ ခေတ္တဥက္ကဋ္ဌ၊ ဥက္ကဋ္ဌအမ် ရပ်ဆဲလ် ဘောလာ့ဒ်က ပြောခဲ့ပါတယ်။

"ကျွန်တော်တို့[လုပ်ဆောင်]တဲ့အခါ တစ်ဦးချင်း အခန်းကဏ္ဍများ၏ စုပေါင်းရလဒ်ထက် ပိုမိုကြီးမားတဲ့ ရလဒ်ဖြစ်တဲ့ စုပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်း၏ရလဒ်အဖြစ် ဝိညာဉ်ရေးရာ ညှိနှိုင်းဆောင်ရွက်မှုအကျိုးရလဒ်ကို ကျွန်တော်တို့ ဖန်တီးပါတယ်။" (အာရ်၊ စကော့တ် လွိုက်ဒ်၊ "Counseling with Councils Is Lord's System, Elder Ballard Declares," ဇန်နဝါရီလ ၁၁၊ ၂၀၁၇ မှ၊ news.lds.org; "Strength in Counsel," *Ensign,* နိုဝင်ဘာလ ၁၉၉၃၊ ၇၇)။

လေးနက်သောဆက်ဆံမှုများတည်ဆောက်ခြင်းသည် အတူအကွအကြံပြုခြင်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါသည်။ လီရာဟိုနာ ဩဂုတ်လ ၂၀၁၈ စာစောင်၏ စာမျက်နှာ ၆ရှိ "လေးနက်သောဆက်ဆံမှုများ တည်ဆောက်ခြင်း" အမှုတော်ဆောင်ရွက်ခြင်းအခြေခံမှုများဆောင်းပါး ကိုလည်းကြည့်ပါ။

## မှတ်ချက်များ


၁။ *Preach My Gospel: A Guide to Missionary Service* (၂၀၀၄)၊ ၁၈၃ ကိုကြည့်ပါ။

၂။ ချီဟောင်(ဆမ်)**ဝေါင်** "Rescue in Unity," လီရာဟိုနာ၊ နိုဝင်ဘာလ ၂၀၁၄၊ ၁၄-၁၅။

၃။ ဒီရက်တာ အက်ဖ် ဥခ်ဒေါ့ "Providing in the Lord's Way," လီရာဟိုနာ၊ နိုဝင်ဘာလ ၂၀၁၁၊ ၅၅။


© 2018 by Intellectual Reserve, Inc. All rights reserved. Printed in USA. English approval: 6/17. Translation approval: 6/17. *Ministering Principles*၊ စက်တင်ဘာလ ၂၀၁၈ အားဘာသာပြန်ထားခြင်း။ September 2018. Burmese. 15051 256